စိတ်ကူးချိုချိုစာအုပ်စင်
mgyoe.com

# ဘဝပေးပြီးပြုံးတဲ့ရုပ်ရှင်

## အောင်မျှူးဝေ



mgyoe.com

mgyoe.com



ဘဝပေးပြီးပြုံးတဲ့ရပ်ရှင်

အောင်မျူးဝေ

POEM0100

2,500.00KS

mgyoe.com

mgyoe.com

ဘဝပေးပြီး ပြီးတဲ့ရုပ်ရှင်၊ အောင်မှူးဝေ
စာမျက်နှာ ၁၅၀ မျက်နှာ၊ ၁၃ ·၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ဘဝပေးပြီး ပြုံးတဲ့ရုပ်ရှင်

အောင်မှူးဝေ

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com





mgyoe.com

# မာတိကာ


၁။ လွမ်းစေတီ ၁၁

၂။ လွမ်းစေတီ ၂ ၁၂

၃။ လွမ်းစေတီ ၃ ၁၃

၄။ လွမ်းစေတီ ၄ ၁၄

၅။ လွမ်းစေတီ ၅ ၁၅

၆။ လွမ်းစေတီ ၆ ၁၆

၇။ လွမ်းစေတီ ၇ ၁၇

၈။ သံမဏိညှော်သည်တော် ၁၈

၉။ ဘယ်အစိုးရတက်တက် ၁၉

၁၀။ မမတို့နိုင်ငံတော် ၂၀

၁၁။ အာဏာရှင် ၂၂

၁၂။ အာဏာရှင် ၂ ၂၃

၁၃။ အာဏာရှင် ၃ ၂၄

၁၄။ အာဏာရှင် ၄ ၂၅

၁၅။ အာဏာရှင် ၅ ၂၆

၁၆။ အာဏာရှင် ၆ ၂၇

၁၇။ အာဏာရှင် ၇ ၂၈

၁၈။ မမတို့ ရန်ကုန်သူတွေ ၁ ၂၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၉။ | မမတို့ ရန်ကုန်သူတွေ ၂ | ၃၀ |
| ၂၀။ | မမတို့ ရန်ကုန်သူတွေ ၃ | ၃၁ |
| ၂၁။ | မမတို့ ရန်ကုန်သူတွေ ၄ | ၃၂ |
| ၂၂။ | မမတို့ ရန်ကုန်သူတွေ ၅ | ၃၃ |
| ၂၃။ | မမတို့ ရန်ကုန်သူတွေ ၆ | ၃၄ |
| ၂၄။ | မမတို့ ရန်ကုန်သူတွေ ၇ | ၃၅ |
| ၂၅။ | မမတို့ ရန်ကုန်သူတွေ ၈ | ၃၆ |
| ၂၆။ | စက်ဝိုင်း | ၃၇ |
| ၂၇။ | ကျွန်တော်နဲ့ စံပယ်ဆောင်ကကောင်မလေးကောင်းမှု | ၃၉ |
| ၂၈။ | အချစ်ဦး | ၄၁ |
| ၂၉။ | ဂျစ်ပစီရေမွှေးနံ့နဲ့ကဗျာ | ၄၂ |
| ၃၀။ | ငါတို့တစ်တွေ ၁၂ | ၄၅ |
| ၃၁။ | သူငယ်ချင်းကဗျာ ၃ | ၄၆ |
| ၃၂။ | ရှင်းတမ်း | ၄၇ |
| ၃၃။ | နန်းသင်းသင်းရွှေ (သို့မဟုတ်) ဘဝပေးပြီး ပြိုးတဲ့ရုပ်ရှင် | ၄၉ |
| ၃၄။ | ငါတို့တစ်တွေ ၁၀ | ၅၁ |
| ၃၅။ | ငါတို့တစ်တွေ ၉ | ၅၂ |
| ၃၆။ | ကဗျာရေးသူများ | ၅၃ |
| ၃၇။ | ဒေးကားတောင်မှရှုးသွားမယ် | ၅၄ |
| ၃၈။ | ကဗျာမျှားသူများ | ၅၆ |
| ၃၉။ | အနီ | ၅၇ |
| ၄၀။ | ရွှေတောင်ဦးဆိပ်ကမ်း | ၅၈ |
| ၄၁။ | တိုက်ပွဲကျသူ | ၅၉ |
| ၄၂။ | ဗန်းမော် | ၆၀ |
| ၄၃။ | ကျွန်တော့်အုတ်ဂူအတွက် ကဗျာ | ၆၁ |
| ၄၄။ | ယုဇန၊ ပိတောက်လမ်း၊ စိန်ပန်းပြာ | ၆၂ |
| ၄၅။ | ပန်းမပွင့်တဲ့ရက်များ | ၆၃ |
| ၄၆။ | ဖင် | ၆၄ |


mgyoe.com

mgyoe.com


၄၇။ ဖင် ၂ ၆၅

၄၈။ ဖင် ၃ ၆၆

၄၉။ ဖင် ၄ ၆၇

၅၀။ ဖင် ၅ ၆၈

၅၁။ ကျော်ခိုင်းခဲ့သော အရေးအခင်း ၆၉

၅၂။ ဒိုင်ယာရီ ၇၀

၅၃။ ငါရယ်တယ် ငါမောတယ် ၇၁

၅၄။ သူငယ်ချင်း ၇၂

၅၅။ စုန်း ၇၃

၅၆။ ကဗျာသေနေ့စွဲများ ၇၄

၅၇။ တော်လှန်ရေး ၇၅

၅၈။ မဝေဘူးဆို ကြွေပါရစေ ၇၆

၅၉။ မိသားစု ဓမ္မတေး ၇၇

၆၀။ ကဗျာ ၇၈

၆၁။ လမ်းတွေက ၇၉

၆၂။ ပြာသို ၈၁

၆၃။ နှမကလေး ၈၂

၆၄။ ကုလားမလေးနဲ့အတူ ၈၃

၆၅။ ဟာန်နီ၊ ငါတို့က သူစိမ်းတွေ ၈၄

၆၆။ စိတ္တသုခပကာသနီ ၈၆

၆၇။ ပုဂံ ၈၇

၆၈။ အလှ ၈၈

၆၉။ အလှ ၂ ၈၉

၇၀။ အလှ ၃ ၉၀

၇၁။ ရည်းစားဦး ၉၁

၇၂။ သုသာန် ၉၂

၇၃။ ကဗျာဆရာ ၃၇ ၉၃

၇၄။ အမေ ၉၄


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၇၅။ | မေးခွန်း | ၉၅ |
| ၇၆။ | အဖေ | ၉၆ |
| ၇၇။ | ပုဂံ ၂ | ၉၇ |
| ၇၈။ | ငယ်အိပ်မက် | ၉၈ |
| ၇၉။ | ရန်ကုန်ဆောင်း | ၉၉ |
| ၈၀။ | ကဗျာဆရာ ၅၇ | ၁၀၀ |
| ၈၁။ | ဓာတ်ပုံ | ၁၀၁ |
| ၈၂။ | ဩဂုတ်လ၏ စာတစ်စောင် | ၁၀၂ |
| ၈၃။ | ထိုးမြဲလက်မှတ် | ၁၀၃ |
| ၈၄။ | ခြေလှမ်းများ | ၁၀၄ |
| ၈၅။ | လွမ်းစကား | ၁၀၅ |
| ၈၆။ | ယုံစား | ၁၀၆ |
| ၈၇။ | ငယ်ငယ်တုန်းက မခင်ရှုပ်ရှင် | ၁၀၇ |
| ၈၈။ | စေတီဆိပ် | ၁၀၈ |
| ၈၉။ | ငယ်ဘဝ | ၁၀၉ |
| ၉၀။ | ငယ်ဘဝ ၂ | ၁၁၀ |
| ၉၁။ | ငယ်ဘဝ ၃ | ၁၁၁ |
| ၉၂။ | အချစ်မြစ်များ | ၁၁၂ |
| ၉၃။ | အရွယ် | ၁၁၃ |
| ၉၄။ | ငါတို့တစ်တွေ ၅ | ၁၁၄ |
| ၉၅။ | ငယ်ငယ်တုန်းက မခင်ရှုပ်ရှင် ၃ | ၁၁၅ |
| ၉၆။ | ရှိကားရှိ၏၊ သို့သော် မရှိ | ၁၁၆ |
| ၉၇။ | ထိပါးခြင်း | ၁၁၇ |
| ၉၈။ | အနမ်းကဖေး | ၁၁၈ |
| ၉၉။ | ကွန်မြူနစ်ကလေးကို မေ့လိုက်ပါ | ၁၁၉ |
| ၁၀၀။ | သဗ္ဗညုနဲ့ ခေါင်းအုံးကလေး | ၁၂၀ |
| ၁၀၁။ | အိမ်ငှား | ၁၂၁ |
| ၁၀၂။ | ကြေကွဲရတဲ့အကြောင်း | ၁၂၃ |


mgyoe.com

mgyoe.com

၁၀၃။ ဘ၀တစ်ခုလုံးနဲ့ဆိုင်တဲ့ အခက်အခဲတစ်ခုရှိတယ်
ကျော်ဖြတ်ရမယ်၊
ငါတို့ဟာ သွေးအေးပြီး စနစ်ကျဖို့လိုတယ် ၁၂၄
၁၀၄။ မေပန်းမြတ်ဖေ ၁၂၆
၁၀၅။ ဇာတ်လမ်း ၆ ၁၂၇
၁၀၆။ ဇာတ်လမ်း ၇ ၁၂၉
၁၀၇။ ဇာတ်လမ်း ၈ ၁၃၀
၁၀၈။ ဇာတ်လမ်း ၉ ၁၃၁
၁၀၉။ လွတ်ကျခဲ့သောနှစ်များ ၁၃၂
၁၁၀။ နှင်းစက်သဒ္ဒါချို ၁၃၃
၁၁၁။ မနှင်းကြည်ပြာ ၁၃၄
၁၁၂။ တောလျှောက်တေး ၁၃၅
၁၁၃။ ရှာပုံတော် ၁၃၆
၁၁၄။ ဒိုင်ယာရီ ၂ ၁၃၇
၁၁၅။ နှင်းဆီကြွေသို့ ၁၃၈
၁၁၆။ စွန့်စားခန်း ၁၃၉
၁၁၇။ ဂေါ်ပါ ၁၄၀
၁၁၈။ ဒေးမွဲ့စော ၁၄၁
၁၁၉။ အချစ်ကဗျာ ၁၄၂
၁၂၀။ ကိုယ်ပိုင်ကမ်းခြေ ၁၄၃
၁၂၁။ ထင်းရှူးပင်ရိပ် ၁၄၄
၁၂၂။ ဆုတောင်းနံပါတ် ၃၅ ၁၄၅
၁၂၃။ လိပ်ပြာစစ်ဆင်ရေး ၁၄၆
၁၂၄။ လမ်း ၁၄၇
၁၂၅။ ရဲရင့်သံလွင်ဖြူ ၁၄၈
၁၂၆။ အဲ့ဒါ ငါပဲ ၁၄၉

✦

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လွမ်းစေတီ

ဝင္ကြေးဟာ
ထန်းတောထဲကလေပြည်နဲ့အတူတဖွေ့ဖွေ့
ဆည်းလည်းသံကိုမှန်းပြီးငိုရတယ်။
ရင်ပြင်တော်ပေါ် ကိုယ့်စိတ်ကိုယ် မ,ကြည့်ပြီး
'သူ… ကျွန်တော့်ကိုလွမ်းနေတယ်ဆို ပေ့ါပါစေသား'
အစိဋ္ဌာန်ခဲ့။
မြစ်ဟိုဘက်မှာ
ကျောင်းပြေးလေးရဲ့ဆိုင်ကယ်သံတွေရှိမယ်
ချစ်သူရယ်သံတွေစွန်းပေနေတဲ့
သုံးပြီးသားတစ်ရှူးလေးတွေရှိမယ်
ပြီးတော့…
အတူတူမကြည့်လိုက်ရတဲ့ ရုပ်ရှင်လက်မှတ်နှစ်စောင်ရှိမယ်။
မြစ်ကမ်းနဖူး ခြသေ့်ရုပ်ပေါ်က ခုန်ချလိုက်ရမလား။
ကုန်းတော်ပေါ်က တရားသံတွေ ကျွတ်လွင့်လာတိုင်းပဲ
အကျွတ်တရားရချင်မိပါတယ်။
ရင်တွင်းဖြစ်ငရဲမျှားငြိမ်းပါရစေ
ဆုတောင်းက ထနောင်းရွက်တွေနဲ့အပြိုင်ကြွေခဲ့ပြီ။ ။

mgyoe.com

mgyoe.com

# လွှမ်းစေတီ ၂

သွေးသံတရဲရဲ အတိတ်က
ဘလိတ်ဓားပေါ်မှာ ပြေးနေတုန်း
ဆုတောင်းတွေ
လက်ထဲက လွတ်ကျ ပျောက်ပျက်ပုံ
စနေထောင့်မှာ
ကိုယ့်အတွက် မိုးခေါင်နေတဲ့
ချောကလက်ရောင်ကံဇာတာတွေ ရှိတယ်။
သူ့အလှကြောင့်
ကိုယ့်ရမ္မက်က
သက်ရှိထဲ ပူးဝင်ပြီး
အစွမ်းကုန် ပုထုဇဉ်ပီသနေခဲ့ပုံ
သူ့ ယောဂီတဘက်ဖျားက
မေတ္တာပို့တွေ စိုစွတ်နေတဲ့
နှံ့သာဖြူရနံ့လေးကို အားနာလို့
ခေါင်းလောင်းထိုးသံကိုပဲ
ရင်ထဲ ကောက်ထည့်ပြီး ပြန်ခဲ့တယ်။ ။

mgyoe.com

mgyoe.com


## လွမ်းစေတီ ၃

သံဆူးကြိုးမှာ အတောင်ပံငြိတွယ်သူ ငှက်ကလေးလို
လွတ်လပ်မှုကို စိတ်ကငြိတွယ်ချင်မိတယ်
ပန်းခြောက်တွေထဲသောကတွေ
ဝင်ရောက်ခြောက်သွေ့သွားပါစေတော့ကွယ်
'အချစ်ရှိရာအရပ်မှာ စစ်မက်ကင်းရှင်းပါစေသား'
ပန်းအိုးအပုံလေးထဲ
ဆုတောင်းတွေသာ ထိုးစိုက်ပူဇော်နိုင်ခဲ့သူ
ပြန်မရောက်နိုင်တော့တဲ့ သနပ်ခါးတောကလေးဆီအငေး
တိမ်ညိုတွေစေတီတော်ပေါ် မိုးအုပ်ခဲ့ပေါ့
'တရားတစ်ပုဒ်တော့ နှလုံးဝင်ဖြောင့်ပါရစေ'
အမွှေးတိုင်အကျိုးလေးထဲ
မပြည့်ဆုတောင်းတွေသာ ထည့်မွှေးစေနိုင်သူ
နောက်တစ်ခါ ထပ်မစိမ်းနိုင်တော့တဲ့ မြစိမ်းတောကလေးဆီ အဆွေး
စောင်းတန်းလှေကားထစ်များအတိုင်း
ကြေကွဲမှုကလိမ့်ဆင်းသွားခဲ့တယ်။ ။

mgyoe.com

mgyoe.com


# လွမ်းစေတီ ၄

ဖြူစင်တတ်သောအရာများအတွက်
အစွမ်းကုန်ဖြူစင်ပေးခဲ့မိသူပါ
အတွေးက
နေရောင်ခြည်ပေါ် မတ်တတ်ရပ်ပြီး
ခံစားချက်က
အလှူခံဖြတ်ပိုင်းလေးပေါ် ခုန်ချတယ်
'ဘဝတိုင်းဆုံရပါစေသား'
မျက်စိတွေ ကန်းသွားခါနီးအထိ
သူ့ကိုမြင်တွေ့သွားချင်လို့
သစ္စာတရားကို တစ်ဘဝလုံးစိုက်ပျိုးခဲ့သူပါ
စေတီကုန်းတော်ခြေရင်းက
ဓာတ်လှေကားနေရာမှာရှိဖူးတဲ့
ကံ့ကော်ပင်လေးကို သတိမရတော့သလို
ကိုယ့်နာမည်ကို သူမေ့ခဲ့ပြီထင်ပါတယ်။ ။

mgyoe.com

mgyoe.com


## လွမ်းစေတီ ၅

လွမ်းနေတဲ့သစ်ရွက်တွေမကြွေဖို့
လရောင်က
အေးအေးလူလူသာတယ်
စိတ်ရှိတိုင်းမလင်းတဲ့ကြယ်ကလေးရေ
ကျွမ်းလောင်လက်စ
တောင်ယာမီးခိုးလေးတွေရေ
ကိုယ့်ဆီပြန်စီးမလာနိုင်တော့တဲ့
နေရောင်ကြောက်သူ
စမ်းချောင်းမကလေးကိုတွေ့မိသလား
ဘဝတံတိုင်းက
သိပ်မြင့်မားလွန်းလို့
ဆယ်ဘဝစာ ခုန်မကျော်ရဲခဲ့တဲ့
နှင်းဆီပန်းခြင်းကလေးကို တွေ့မိသလား
အနူးညံ့ဆုံးဓားသွားတွေ
သူ့အသိုင်းအဝိုင်းမှာ
တညို့ညို့ခိုင်းပြီးတော့
မိုးအဖြစ်ရွာခဲ့ပုံ
ကိုယ်တို့မနီးစပ်ကြတော့ပါဘူးလို့
လွမ်းစေတီဆီငေးမျှော်ရင်းတမ်းတတယ်
လွမ်းနေတဲ့သစ်ရွက်တွေမကြွေဖို့
လရောင်က
အေးအေးလူလူ သာပါတယ်။ ။

mgyoe.com

mgyoe.com


# လွမ်းစေတီ ၆

နီးရကောင်းစေ... လို့
မမျှော်လင့်တော့တဲ့ခဏ
ဝေးရလေခြင်းလို့လည်း ယိုးမယ်မဖွဲ့လိုတော့ပြီ။
ခက်သည်ခဲသည် ခက်ခဲသည်
စာတန်းကလေး ဘဝပေါ်လောင်းချကြည့်မိတိုင်း
အလွမ်းက သွေးသံတရဲရဲ အသားတံဆိပ်ထင်ခဲ့။
သူ ကျွန်တော့်ကို သတိရပါစေ
ကံ့ကော်ပင်ကလေး စနေထောင့်မှာ စိုက်မိတယ်
ငွေသံကြားလို့ ဖျားနာသေသွားခဲ့။
ကောင်းကင်ဦးနဲ့လွဲတဲ့ နက္ခတ်ကလေးမို့
ဘယ်ကြယ်တာရာကိုမှလည်း ကပ်ပြီးမလင်းချင်တော့ပါ
ရှိစေ... ရှိပါစေ... ရှိပါစေတော့
သူနဲ့ကျွန်တော်
ဝေးကွာစေမယ့်အမှောင်ကို သရော်လှောင်ပြောင်ရင်း
မွေးနံထောင့်က ရွှေအနည်းဆုံးဘုရားကိုပဲ
သဒ္ဓါအပြည့်နဲ့ ရောင်တော်ဖွင့်မိနေတော့တယ်။
နီးရကောင်းစေ... လို့
မမျှော်လင့်တော့တဲ့ခဏ
ဝေးရလေခြင်းလို့လည်း ယိုးမယ်မဖွဲ့လိုတော့ပြီ။ ။

mgyoe.com

mgyoe.com


## လွမ်းစေတီ ၇

သမုဒယပိုးကြိုးကလေးတပ်ပြီး တီးခတ်တိုင်း
ဒုက္ခ... ဒုက္ခလို့ အသံထွက်ခဲ့တယ်
သံသယဟာ စမ်းချောင်းကလေးလို
ခရေတန်း တမာရိပ် ထနောင်းမြိုင်
သစ္စာပန်းခင်းနဲ့စတော်ဘယ်ရီရွက်လေးတွေပေါ်အထိ စီးဆင်းခဲ့။
အိပ်မက်ထဲတောင် အိမ်မပြန်ဖြစ်အောင်
သူ့ရင်ခုန်သံနောက် တောက်လျှောက်လိုက်ကြွေမိတဲ့
ပျဉ်းမပန်းကြွေကလေးပါ အရှင်ဘုရား
ဤမှန်သောသစ္စာစကားကြောင့်
သူနဲ့နီးရမယ့်ကုသိုလ်များ
သူနဲ့အတူ ပြုရပါစေသား။ ။

mgyoe.com

mgyoe.com


# သံမဏိဗြည့်သည်တော်

အမှောင်ကို ထိကြည့်လိုက်တာနဲ့
လမ်းနံပါတ်အော်ပြောတဲ့အသံကြားရ
နာနာဘာဝ ဖန်ခွက်ထဲ
အပြုံးနဲ့ ငှဲ့ထည့်လိုက်တဲ့ အဆိပ်တွေကြောင့်
နှလုံးသားအလယ်ကွဲနဲ့ကောင်ဟာ
မိုးဥတုစစ်စစ်ရဲ့
လတ်ဆတ်သော ခရေပွင့်တွေကို ဆာလောင်ခဲ့ပါတယ်... တဲ့။
ကဗျာတစ်ပုဒ်ရေးတယ်ဆိုတာ
တိုင်းပြည်နဲ့စကားပြောနေတာပါ
ချစ်သူနဲ့စကားပြောနေတာပါ
သစ္စာတရားနဲ့ မျက်နှာချင်းဆိုင်ရယ်မောနေတာပါ
ကျွန်တော်လည်း မောင်ချောနွယ်လို
အနုပညာအင်္ကျီလေးတစ်ထည်နဲ့
ကမ္ဘာကြီးရဲ့ အလယ်ကောင်ကိုရောက်ခဲ့ရတယ်လေ။
စိတ်နဲ့ ခိုးခိုးပြီးနမ်းရတဲ့ကောင်းကင်တစ်ခုလို
တနင်္ဂနွေနေ့တိုင်း အုံ့မှိုင်းခဲ့တယ် ဆိုသူကြီးရဲ့
ကဗျာဆရာ ဆိုတာ
သမိုင်းကဆင့်ခေါ်လို့ ရောက်ရှိလာတဲ့
သံမဏိ ဧည့်သည်တော်ပဲဖြစ်ပါတယ်။ ။

၁၉၊ ဩဂုတ်၊ ၂၀၁၂။

mgyoe.com

mgyoe.com


## ဘယ်အစိုးရတက်တက်

ဘယ်အစိုးရတက်တက်
ညှိစိမ့်စိမ့် မေးနှစ်ခွလေးဟာ လှတယ်
ဘယ်အစိုးရတက်တက်
ရည်းစားဟောင်းကို လွမ်းနေတုန်းပါပဲ
ဘယ်အစိုးရတက်တက်
ကုန်စျေးနှုန်းက လိုက်တက်နေတော့မခက်ဘူးလား
ဘယ်အစိုးရတက်တက်
သုသာန်နယ်ကျော်ပြီးမသာချရင်တစ်သိန်းပဲ
ဘယ်အစိုးရတက်တက်
လင်မရတဲ့အပျိုကြီးတွေကတော့
လစာထုတ်တိုင်း ညည်းနေကြမှာပေါ့
ဘယ်အစိုးရတက်တက်
အို ဘုရားရေ လမ်းဖြတ်ကူးနေတဲ့ ရင်ခုန်သံကို
ရဲဖမ်းသွားတဲ့အချစ်
ဘယ်အစိုးရတက်တက်
စစ်တပ်၊ ရဲနဲ့အစိုးရကို ဆဲနေကြမှာပဲ
ဘယ်အစိုးရတက်တက်
မင်းတို့ ကဗျာလောကဟာ ရှုပ်တယ်
ဘယ်အစိုးရတက်တက်
စိတ်ဓာတ်တွေက လိုက်တက်မလာဘူး

mgyoe.com

mgyoe.com


ဘယ်အစိုးရတက်တက်
နိဗ္ဗာန်မရောက်သူ လူတစ်စုက တရားဟောတုန်း
ဘယ်အစိုးရတက်တက်
အရူးတွေကတော့ ဆက်ရူးနေမှာပဲ
ဘယ်အစိုးရတက်တက်
ဒီပို့စ်ကိုတော့ Like သွား ment သွားကြမှာပဲ
ဘယ်အစိုးရတက်တက်
ဘာတစ်ခုကိုမှ ဘာရယ်လို့ တိတိကျကျမသိဘူး
ဘယ်အစိုးရတက်တက်
လူကဘွဲ့ရ နှလုံးသားက မူကြို
ဘယ်အစိုးရတက်တက်
မျက်မှန်ကိုင်းအသစ်လေးတွေပေါ်ပါတယ်
ဘယ်အစိုးရတက်တက်
အကောင်းမမြင်ရင်တော့
အမြင်မကောင်းပါဘူး
အဖြောင့်မတွေးရင်တော့
အတွေးမဖြောင့်ပါဘူး
ဘယ်အစိုးရတက်တက်
ရည်းစားဟောင်းရဲ့ ညိုစိမ့်စိမ့်မေးနှစ်ခွလေးကို
ကျွန်တော်နမ်းခွင့်မရှိတော့ဘူး
ဘယ်အစိုးရတက်တက်
ညိုစိမ့်စိမ့်မေးနှစ်ခွလေးဟာ လှတယ်
ဘယ်အစိုးရတက်တက်
ရည်းစားဟောင်းကို လွမ်းနေတုန်းပါပဲ။ ။

mgyoe.com

mgyoe.com


## မမတို့နိုင်ငံတော်

လရောင်မြင်နိုး
မှောင်တောတိုး၍
မိုးမိခဲ့သော နိုင်ငံတော်။
ဆောင်းညချမ်းထဲ
မီးပုံပွဲနှင့်
လွဲချော်ခဲ့သော နိုင်ငံတော်။
နွေနေပူအောက်
အရိပ်ပျောက်၍
ချောက်ချားရှာသော နိုင်ငံတော်။
သူခိုးများစွာ
စီးပွားရှာ၍
မွဲပြာကျသော နိုင်ငံတော်။
နှစ်ယောက်တည်းလည်း
သုံးဂိုဏ်းကွဲကြ
လင်းတလူသားများ၏ နိုင်ငံတော်။
သြော်
သနားစရာ နိုင်ငံပါပဲ
ရွှေခဲမြခဲ လည်မှာဆွဲပြီး
ထမင်းကြမ်းခဲကို မျိုနေတယ်။ ။

mgyoe.com

mgyoe.com


# အာဏာရှင်

သံသယတွေကို
သံသရာ အဆုံးထိသယ်သွားတယ်
သွေးထွက်သံပြာအော်ဟစ်နေပုံက
'တစ်လောကလုံးကို ငါပိုင်တယ်'
ခွေးဝဲစားကတောင်
ရွံလို့တဲ့
သူ့ကို မဟောင်တော့ဘူး။ ။

၂ ဇန်နဝါရီ၊ ၂၀၁၈။

mgyoe.com

mgyoe.com


## အာဏာရှင် ၂

နာမည်ကြီး တိရစ္ဆာန်တစ်ကောင်လို
တစ်တောလုံး ငိုသံတွေ ခြွေချပြီး
သေတာတောင် ရုပ်ကြွင်းဘဝနဲ့အပူဇော်ခံချင်တယ်
နာမည်ကအစ ပြာကျပါစေကွယ်။ ။

ဖေ၊ ဇန်နဝါရီ၊ ၂၀၁၈။

mgyoe.com

## အာဇာရှင် ၃

ညကြီးထဲ
လရောင်ကို ဦးနှောက်ထဲထည့်ပြီး
နှလုံးသားက နေမွန်းတည့်နေတယ်
အပူစိတ်နဲ့
ဘာစားစား အရသာမရှိတော့ဘူး
ခင်ဗျားအမေကလည်း ပြောပါတယ်
ခင်ဗျားကိုမွေးခဲ့ရတာ
အရသာကို မရှိဘူး။ ။

၇၊ ဇန်နဝါရီ၊ ၂၀၁၈။

mgyoe.com

mgyoe.com

## အာဇာရှင် ၄

အသက်ကယ်အင်္ကျီရဲ့အသက်ကို ထပ်ကယ်နေရ
လတ်ဆတ်တဲ့ရှင်သန်မှုတွေ
မိုးခေါင်သလို ခေါင်နေတာပဲ
ချောင်လည်ပုံဆန်းချက်များ
ဦးနှောက်က အစ နွားခလောက်သံ ထွက်နေတယ်
ကိုယ့်သမိုင်းအတွက်ကိုယ်
ရက်စက်ခြင်းတွေမျှားပြီး အိမ်ပြန်ကြသူတွေ။ ။

၁၄၊ ဝန်နဝါရီ ၂၀၁၈။

mgyoe.com

mgyoe.com

# အာဏာရှင် ၅

မြစ်ကိုဝှက်ထားပြီး
ကျောက်ဆောင်တွေကို စီးဆင်းခိုင်းလိုက်တယ်
နွေကိုထောင်ထဲထည့်ပြီး
ဥသြတွေကို
မိုးထဲရေထဲ အော်မြည်ခိုင်းခဲ့တယ်
အမိန့်နဲ့လွှမ်းမောခဲ့ရတဲ့ နှစ်တွေ
ပျော်သလားလို့ အရှက်မရှိ မမေးပါနဲ့တော့လေ။ ။

mgyoe.com

mgyoe.com

## အာဏာရှင် ၆

သူ့ရွာမှာ
ကျောက်ကြီးပေါက်တုန်းကလည်း မသေခဲ့
ကာလဝမ်းရောဂါနဲ့လည်း မသေခဲ့
သူစိုက်တဲ့ ပန်းရုံကလေးမှာ
ပြင်သစ်ရေမွှေးအကောင်းစားတွေ ပွင့်လာ၊
သူ့မိန်းမက သူ့ကွယ်ရာ
ဒရိုင်ဘာနဲ့ ပြုံးနေ
သူ့သမီးက
ကလပ်မှာ ရှေ့နောက်ထိုးသွင်းဒဏ်ရာနဲ့ဆေးလွန်၊
သူက
ကျုပ်မပြည့်တဲ့ဖောင်တိန်နဲ့
စာရွက်တွေပေါ် လက်မှတ်ထိုးလို့ကောင်းနေတုန်း။ ။

mgyoe.com

## အာဏာရှင် ၇

ကီလီမန်းဂျာရိုးက
ကြေးနီရောင် မုတ်ဆိတ်မွေးနဲ့တံငါသည်တောင်
ခင်ဗျားထက်ပိုပြီး ကုသိုလ်ရသေးတယ်
နိုင်ငံတော်ဘဏ္ဍာနဲ့
ခင်ဗျားကိုယ်ခင်ဗျား လိုက်ရှာနေတုန်းလား။
အမှားအတိုင်း မွေးဖွားလာသူတွေဟာ
အမှန်တရားနဲ့ သေဆုံးဖို့ရာလိုပါတယ်
ခဏ...
ရဲရင့်မှုဆီက လာတဲ့ဖုန်းကို
ကျွန်တော်ကိုင်လိုက်ပါဦးမယ်။ ။

၂ ဖေဖော်ဝါရီ ၂၀၁၈။

mgyoe.com

## မမတို့ ရန်ကုန်သူတွေ ၁

စွယ်တော်ပွင့်ရောင်အိပ်မက်ကလေး
မျက်နှာမသစ်ရသေးတဲ့မနက်ခင်းမှာ
ချဉ်ပေါင်ရွက်ဘယ်ဈေးလဲမေးလို့
ဈေးခြင်းတောင်းတစ်ခုလုံး
သူမျှားအကြောင်းတွေ အပြည့်။
မျက်နှာသစ်ဆေး သန့်စင်ဆေးကနေ
ဆရာတော်လေးတစ်ပါးတရားဟောကောင်းတာ
စံပယ်ဖူးပုံသွားတက်ကလေးပါတာ .အစုံ
မမတို့ ရန်ကုန်သူတွေ...။ ။

၁၂ အောက်တိုဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com


# မမတို့ ရန်ကုန်သူတွေ ၂

အချစ်က ပန်းသစ်တော်သီးကလေးပဲ
စားတုန်းခဏအရည်တွေရွှမ်းပြီးပျောက်သွားရော
ရင်ခွင်တစ်ခုလုံးလည်း ကိုယ်ရွေးချယ်ထားတဲ့ဟော့ထ်ပေါ့ပ်ဟင်းရည်အိုးလို
မွှေးပျံ့ပူလောင်လို့မဆုံးဘူး။
ဟိုဘက်စားပွဲက စာရေးလေးကိုခေါ်ရစ်ရရင်ကောင်းမလား
လက်ဖက်သုပ်ထဲက ပုစွန်ခြောက်လို
ချစ်ကြမ္မာက သေးငယ်။
ယဉ်ကျေးမှုအသစ်တွေ မြတ်နိုးမှုအသစ်တွေနဲ့
အသက်ရှူမဝတဲ့မြို့အိုကြီးထဲ
သီတင်းကျွတ်လည်း ငကျွတ်ပဲ
ဆောင်းဦးပေါက်လည်း ငပေါက်ပဲ
အလှပျက်တိုင်း သန့်စင်ခန်းထဲသွား
ကိုယ့်ကိုယ်ကိုယ် ဝေဖန်သုံးသပ်
ရင်တွေတုန်
မမတို့ ရန်ကုန်သူတွေ...။ ။

mgyoe.com

mgyoe.com


## မမတို့ ရန်ကုန်သူတွေ ၃

သစ်ရွက်ဟောင်းလေးတွေရဲ့နေရပ်လိပ်စာ
သူ့အကြောင်းမှတ်ထားမိတဲ့ဒိုင်ယာရီမှာ
ကြမ်းပိုးနံ့နံ့နေတဲ့ အချစ်စကားတွေ
လက်ကိုင်ဖုန်းတွေ မပေါ်သေးတဲ့ ခေတ်မို့လည်း
သတိရချက်တွေက နက်ရှိုင်းတယ်
ကွမ်းယာဆိုင်ကဝယ်ရေးရတဲ့
အသည်းပုံစာအိတ်လှလှကလေးတွေ။
မက်ဆေ့ဂျ်ခေတ်ကကောင်လေးတွေ
ပိုလန်းတယ်
ကိုယ့်ကိုတော့ သူလောက်နားမလည်ဘူးပေါ့
စသဖြင့်
ညဝတ်အင်္ကျီထဲကညကို ကုတ်ဖဲ့ရင်း
ကြယ်သေအတွေးတွေနဲ့ မိုးလင်းသွားနေပုံ
မမတို့ ရန်ကုန်သူတွေ...။ ။

mgyoe.com

mgyoe.com


# မမတို့ ရန်ကုန်သူတွေ ၄

အချစ်က
ရွှေပင်နားတော့ ရွှေကျေးလေးပါပဲ
လမ်းတွေက ပိုမိုရှည်လျားလာတဲ့နှစ်များ၊
ခံစားချက်ဆိုတာ အတွင်းခံဝယ်ရသလိုပဲလေ
ဘယ်သူမြင်တာမှတ်လို့
လူလည်း
ဗီရိုထဲက ကျမ်းစာအုပ်ကြီးလို
ဖွင့်ဖတ်မယ့်သူနဲ့ဝေးဝေးလာ
ဟယ် စံပယ်ပန်းတွေပွင့်လာပြီ
စိတ်ထဲ မွှေးပျံ့မဆုံးအိပ်မက်မက်နေပုံ
မမတို့ ရန်ကုန်သူတွေ။ ။

mgyoe.com

mgyoe.com


## မမတို့ ရန်ကုန်သူတွေ ၅

သုဝဏ္ဏသာမဇာတ်တော်ထဲက
ဒုကူလနဲ့ ပါရိကာကို သနား
ဘုရားလောင်း မိဘကျေးဇူးဆပ်ပုံကိုကြည်ညို
မေတ္တာဖွဲ့တရားတွေနာပြီးငိုလိုက်ရတာ
ရွှေမြင်းမိုရ်ပြုံမှာစိုးတယ်ဘာညာ
မျက်ရည်တောင်မခြောက်သေးဘူး
ဟင်းမကောင်းလို့တဲ့
အမေကို ရန်တွေ့နေလိုက်ပုံ
မမတို့ ရန်ကုန်သူတွေ။ ။

mgyoe.com

mgyoe.com


# မမတို့ ရန်ကုန်သူတွေ ၆

ရယ်ရမောရ စကတ်ကိုဆွဲတင်ရ နှုတ်ခမ်းမွေးတွေပေါ်နေမှာစိုးရ အဲ့ဒီနေ့လယ်
ခင်းထဲ ရန်ံ့တွေ ပြင်း/ပျင်းလာမှာစိုးရ
ငိုရမောရ အိမ်ကထွက်တာနဲ့ တပ်မက်တဲ့မျက်လုံးတွေပဲ ခါးအောက်ပိုင်းကို
လာ စိုက်/ဆိုက်တယ်
မသိရင် ကိုယ့်အလှကပဲ ပစ်မှတ်တစ်ခုလို ဘူတာရုံတစ်ခုလို
အရမ်းနွဲ့တဲ့ကောင်လေးတစ်ယောက်ကိုငေးနေရင်း သူတောင်းစားကိုခလုတ်
တိုက်မိတယ်

'ဖုထ်ချိန်းလေးက မည်းနေတာပဲနော်' တဲ့ သူတောင်းစားက
'က' နေတဲ့သူတောင်းစားက ခါးပဲကော့ပြနေတော့မှာလား ပျင်းစရာ
ရယ်ရမောရ စကတ်ကိုဆွဲတင်ရ ဆွဲသားဆိုတော့ ဟိုဇာတ်ကားထဲကမိန်းမတွေ
လမ်းလျှောက်သွားသလို ဘယ်နေရာ

ဘာရှိတယ်ဆိုတာ ထင်းနေတာပေါ့
သိပ်ကို နားညည်းတာပဲဗျာ
မမတို့ ရန်ကုန်သူတွေ။ ။

၂ ဇန်နဝါရီ ၂၀၁၇။

mgyoe.com

mgyoe.com


# မမတို့ ရန်ကုန်သူတွေ ၇

ကုန်တိုက်ကြီးတွေထဲသွား
ကိုယ်ဘယ်လောက်တန်သလဲ
သူများလျှောက်မေး
ကိုယ့်အလုကိုယ် ဈေးကြီးပေးဝယ်
ပျော်တယ်။
လမ်းသွားရင်း ခလုတ်တိုက်မိတဲ့
သူတောင်းစားလေးတွေကိုတော့
မျက်စောင်းတစ်ချက်အပြင်
ပို မသနားခဲ့ဘူး။
ပေါင်တံဖြူဖြူလေးပေါ်က အမာရွတ်
ရှေးဟောင်းမြို့ကြီးလို
ပျောက်ဆုံးသွားစေချင်ပါပြီ... တဲ့
အသားအရေပြုပြင်တဲ့ဆီမှာ
တစ်သောင်းတန်တွေ အထပ်လိုက်။
'အမေ မျက်စဉ်းဝယ်ချင်လို့တစ်ထောင်လောက်သမီးရယ်'
ဆိုတော့
ပိုက်ဆံမှရှာရတာခက်ပါတယ်ဆို
အဲ့ဒါ
အလောင်းဘုရားအစိုးရမကောင်းလို့ လုပ်ပြန်ရော။
ကပ်ခွာနဲ့
ပေါင်ကြားက အမည်းကွက်ကလေးတွေကိုဖျက်တယ်
လေဆာနဲ့
မှဲ့ခြောက်ကလေးတွေကိုဖျောက်တယ်
အရမ်းလှသွားမှာပဲနော်
သြော်
မမတို့ ရန်ကုန်သူတွေ။ ။

mgyoe.com

mgyoe.com


# မမတို့ ရန်ကုန်သူတွေ ၈

ကံဆိုးသူပုရွက်ဆိတ်ကလေးရဲ့
အာဟာရချို့တဲ့မှုနေ့စွဲများ
မိရာကိုခဲပြီးကိုက်မိတာ လွတ်လပ်ရေးအတွက်။
ချွေးထဲနစ်ပြီးသေရတော့တာပဲ
ရုံးသွားခါနီး အလျင်မလိုပါနဲ့
အဝတ်အစားတွေကို
ဂုဏ်ပြုတပ်ခွဲလိုအသေအချာစစ်ဆေးပါ
လူကြားထဲအသားတွေတုန်လာတတ်တာမျိုး
အခံရဆိုးပုံ
မမတို့ရန်ကုန်သူတွေ...။ ။

mgyoe.com

mgyoe.com


## စက်ဝိုင်း

ရင်ဘတ်ဖြူဖြူလေးမှာ အသည်းပုံနီနီလေးနဲ့
PLAY လို့ရေးထားတဲ့စာတန်းကို
၁၈ ယူဇနာအကွာအဝေးကငေးရတာလည်း
ဝေဒနာ။

ညိုငြင်တတ်တဲ့ နှုတ်ခမ်းလေးကအစ
မာန်ချီထားတဲ့ ကိုယ်နေဟန်ထားလေးအလယ်
ဘယ်ဘက်ရှေ့သွားပေါ်ကစိန်ပွင့်ကလေးအဆုံး
အပြုံးချွန်ချွန်လေးတွေမိုးလိုရွာခဲ့တာလည်း
ဝေဒနာ။
ငရဲကြီးရှစ်ထပ်ကို ဇားရှင်းမြှင့်ထားတဲ့ ရန်ကုန်ရယ်
ကော်ဖီအေးရယ် စီးကရက်ရယ်
မနေ့ကကျပျောက်ခဲ့တဲ့ လွတ်လပ်မှုတွေရယ်
စိတ်နဲ့ထိခတ်ပြီးအသံထွက်လာတဲ့ကဗျာရယ်
အာရုံကိုဆက်သွယ်နေမှုတွေဟာလည်း
ဝေဒနာ။
မျက်စိမှိတ်ထားလည်းမြင်နေရတယ်ဆိုတာ
ရှူးလို့ပေါ့
စွယ်တော်ရွက်တွေကိုဆုတ်ဖြုပစ်မိတာ
ဝေဒနာ။

mgyoe.com

mgyoe.com


ဝေဒနာ ပစ္စယာ တဏှာ
တဏှာ ပစ္စယာ ဥပါဒါနံ
ဥပါဒါန ပစ္စယာ ဘဝေါ
ဘဝ ပစ္စယာ ဇာတိ
ဇာတိ ပစ္စယာ ဇရာ မရဏံ
သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။
အရှုးတစ်ယောက်အော်ပြောလိုက်သေးတယ်
လောကမှာ
အရမ်းချစ်တဲ့လူက အရမ်းဒုက္ခရောက်ပါတယ်... တဲ့။ ■

mgyoe.com

# ကျွန်တော်နဲ့ စံပယ်ဆောင်ကကောင်မလေးကောင်းမှု

၁
နလုံးသားနိုင်ငံတော်အတွက်
ဘတ်ဂျက် ရပြီ။
လမင်းနဲ့လုပ်တဲ့
စကားသံချိုချိုလေးတွေဝယ်ချင်တယ်
နေရောင်နုနုနဲ့လုပ်တဲ့
မနက်ဖြန်မနက်တွေကိုဝယ်ချင်တယ်။

၂
စွယ်တော်ရွက်ကလေးတွေရဲ့ သတင်းစကား
ငှက်ကျောင်းလွယ်အိတ်ကလေးမကြားဘူးလား
ခုံတန်းပြာလေးကိုမေးတဲ့ခဏ
အဆွေးနဲ့လုပ်တဲ့ လေပြည်ညင်းဟာ
သဲ့သဲ့ကလေး တိုက်ခတ်ပြေးလေရဲ့။

၃
သူ့ရှေ့ရောက်တိုင်း
ငှက်လိပ်ပြာကဖိနပ်ပြုတ်တာ
ပြဿနာပဲ
ပေါင်တံဖြူဖြူကလေးကို
ရင်ထဲခိုးယူမိတဲ့အပြစ်နဲ့
ချစ်စိတ်လမ်းမတစ်ခိုဟာ
ဖျားနာ။

mgyoe.com

mgyoe.com


၄
ညာခြေက ငရဲကိုလှမ်းပြီး
ဘယ်ခြေက နတ်ပြည်ကိုလှမ်းနေရသလိုလို
သူ့ဆီကိုရွှေ့နေတဲ့
ငါ့အရွှေ့ဟာ ဆိုးတယ်။

၅
ကျွန်တော်နဲ့ စံပယ်ဆောင်ကကောင်မလေးကောင်းမှု... လို့
ကျောင်းကထိန်အတွက်အလှူခံထည့်မိတယ်
ဂေါပကကြီးက သာဓုခေါ်တာပေါ့။

၆
နှလုံးသားနိုင်ငံတော်အတွက်
ဘတ်ဂျက် ကုန်ပြီ
ဆေးလိပ်သောက်ဖို့တောင်မကျန်တော့ဘူး။ ။

၁၄၊ ဖေဖော်ဝါရီ၊ ၁၉၉၉။

mgyoe.com

mgyoe.com

# အချစ်ဦး

ဆံညှပ်ကလေးပေါ်မှာ
မျက်စောင်းလေးတွေ ဖိတ်ကျခဲ့ပုံက
လကွယ်သွားပုံ အဆင့်ဆင့်ကို ငေးကြည့်နေရသလိုမျိုး
ဖတ်ရခက်တဲ့စကားလုံးတွေနဲ့
အချစ်ဆိုတာ ဘာလဲ ငါရှင်းပြမိတယ်
ဘဝကို ဂဃနဏသိဖို့လိုတယ်ဆိုတာမျိုး
ရေနည်းရာ နေပူ မလုပ်ဖို့ ဆိုတာမျိုး
ငါ့ လက်သည်းကို ဆိတ်တဲ့အခါ
မင်းလက်ထိပ်မှာ နာရမယ်ဆိုတာမျိုး။
စွယ်တော်ပင်တန်းကွေ့ကလေးမှာ
မင်းရယ်သံတွေကျကျန်ခဲ့တုန်းက
ငါ မင်းကိုနားလည်ခဲ့ရင်ကောင်းမယ်
ဒါမှမဟုတ်
အမရဆောင်ရှေ့မှာ မင်းကိုစတွေ့ခဲ့တဲ့နေ့
ပြက္ခဒိန်ထဲမှာ မရှိခဲ့ရင်ကောင်းမယ်။
မိန်းမတွေကို မှားတယ်လို့ မပြောမိစေနဲ့
ငရဲလည်းမရောက် နိဗ္ဗာန်လည်းမရောက်ဖြစ်သွားမယ်
ငါ့ကို သင်ပေးသွားခဲ့တယ်။
စာရွက်ဝါလေးပေါ်
မင်းနာမည်ကို ချရေးမိပုံက
နေထွက်လာပုံအဆင့်အဆင့်ကို ငေးကြည့်နေရသလိုမျိုး။ ။

၁၄၊ စက်တင်ဘာ၊ ၂၀၁၀။

mgyoe.com